# 1 အခွန်

## (1) နေထိုင်မှု နှင့် အခွန်

ဂျပန်နိုင်ငံတွင် ၁နှစ်အထက်နေထိုင်သူများသည် နိုင်ငံခြားသားများဖြစ်လျှင်လည်းပဲ ပုံမှန်ဝင်ငွေ ရှိသူဖြစ်ပါက ဂျပန်လူမျိုးများနည်းတူ အခွန်ဆောင်ရန်တာဝန်ရှိသည်။ ရှေးဦးစွာ ဂျပန်နိုင်ငံ၏ အခွန်စနစ်ပုံစံကို မှတ်သားကြပါစို့။

## (2) အခွန်အမျိုးအစား

ဂျပန်နိုင်ငံ၏ အခွန်အမျိုးအစားများကို ခွဲခြားလျှင် နိုင်ငံကို ပေးဆောင်ရသော "နိုင်ငံအခွန်" နှင့် ခရိုင်၊ မြို့နယ်များတွင် ပေးဆောင်ရသော"ဒေသအခွန်" ဟူ၍ ရှိသည်။ နိုင်ငံအခွန်၏ အဓိကအခွန်အမျိုးအစားမှာ ဝင်ငွေခွန် ဖြစ်ပြီး၊ နေထိုင်မှုအခွန် နှင့် မော်တော်ယာဉ်အခွန် စသည်တို့မှာ ခရိုင်၊ မြို့နယ်တွင် ပေးဆောင်ရသောအခွန်များဖြစ်သည်။ ထို့အပြင် နိုင်ငံအခွန်နှင့် ဒေသအခွန် အသီးသီးသည် တိုက်ရိုက်ခွန် နှင့် သွယ်ဝိုက်ခွန် ဟူ၍ခွဲခြားပြီး ဝင်ငွေခွန်နှင့် နေထိုင်မှုအခွန် စသည်တို့သည် တိုက်ရိုက်ခွန်များဖြစ်ပြီး ဈေးဝယ်ခွန်စသည်တို့သည် သွယ်ဝိုက်ခွန်များဖြစ်သည်။

| | | တိုက်ရိုက်ခွန် | သွယ်ဝိုက်ခွန် |
|---|---|---|---|
| နိုင်ငံကိုပေးဆောင်ရသော အခွန် | | ဝင်ငွေခွန်၊ ကော်ပိုရိတ်ခွန်၊ အမွေဆက်ခံခွန်၊ အလှူလက်ဆောင်ခွန် စသည် | သုံးစွဲခွန်၊ အရက်ခွန်၊ စီးကရက်ခွန်၊ အကောက်ခွန်၊ တံဆိပ်ခေါင်းခွန် စသည် |
| ဒေသဆိုင်ရာ အခွန် | ခရိုင်၊ မြို့နယ်ခွန် | ခရိုင်နေထိုင်မှုခွန်၊ လုပ်ငန်းခွန်၊ မော်တော်ယာဉ်ခွန် စသည် | ဒေသဆိုင်ရာသုံးစွဲခွန်၊ ခရိုင်မြို့နယ်စီးကရက်ခွန်၊ ဂေါက်ကွင်းအသုံးပြုခွန်စသည် |
| | မြို့၊ ရွာခွန် | မြို့နယ်နေထိုင်ခွန်၊ မရွေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများခွန်၊ အပေါ့စား မော်တော်ယာဉ်ခွန် စသည် | မြို့ရွာ စီးကရက်ခွန်၊ ရေချိုးစိမ်ခွန် |